မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 27 , 2025 Volume 86 , Number 19

၂၇ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၉.၉၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၃.၈၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၀.၀၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၀၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၄၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၀.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၂၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပဲစင်းငုံနှင့် ကြက်သွန်နီစုပေါင်းရောင်းချခြင်းကြောင့် တောင်သူများ ဈေးကောင်းရ



မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ဒီဇင်ဘာလကုန်ပိုင်းမှ စတင်ကာ ပဲစင်းငုံနှင့် ကြက်သွန်နီစုပေါင်းရောင်းချခြင်းကြောင့် တောင်သူများ ဈေးကောင်းရရှိကြောင်း သိရသည်။

ထိုစုပေါင်းရောင်းချပွဲကို တောင်သူအစုအဖွဲ့များနှင့် မြင့်မြတ်တော်ဝင်ကုမ္ပဏီတို့ ပူးပေါင်းပြီး ရေနံချောင်းမြို့စက်မှုဇုန်ရှိ New One စင်တာ မှာ ဒီဇင်ဘာ ၂၆ ရက်မှ စတင်ကာ ယခုအချိန်ထိ စုပေါင်းရောင်းချလျက် ရှိသည်။

ပဲစင်းငုံဈေးကွက်ရရှိရန်အတွက်မကွေးတိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးရေးအဖွဲ့ အနေဖြင့် အရည်အသွေးကောင်း ပဲစင်းငုံသီးနှံဖြစ်လာအောင် နည်းပညာများ အထောက်အကူပြုခဲ့ကြောင်း ပဲစင်းငုံရိတ်သိမ်းချိန်တွင် ဒေသပေါက်ဈေးထက်မနိမ့်ဘဲ ပွဲခ၊ လုပ်သားခ မယူဘဲ ကုမ္ပဏီများနှင့်ပူးပေါင်းပြီးတောင်သူများစုပေါင်းရောင်းချနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြောင်းမကွေးတိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

ပဲစင်းငုံရိတ်သိမ်းချိန် ပဲပေါ်ကတည်းက စုပေါင်းရောင်းချပွဲကို တောင်သူများလာရောက်ရောင်းချခြင်းဖြစ်ပြီး ယခုနှစ် စိုက်ပျိုးရာသီက စိုက်ပျိုးရေးသွင်းအားစုအပါအဝင် လုပ်သားခ၊ သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်တာကြောင့် တောင်သူများစိုက်ပျိုးစရိတ် မြင့်တက်ခဲ့ကြောင်း၊ ရိတ်သိမ်းရောင်းချချိန်တွင် ဈေးနှုန်းအလေးချိန်မှန်ကန်စွာ သတ်မှတ်ပေးသည့် မြင့်မြတ်တော်ဝင်ကုမ္ပဏီနှင့်တောင်သူအစုအဖွဲ့များပူးပေါင်းသည့် သီးနှံစုပေါင်းရောင်းချပွဲက ဒေသခံတောင်သူများအတွက်အဆင်ပြေစွာရောင်းချနိုင်သည့် ပွဲဖြစ်ကြောင်း ပဲစင်းငုံစိုက်တောင်သူတစ်ဦးက ပြောသည်။

အလားတူ ရေနံချောင်းဒေသထွက် ကြက်သွန်နီကိုလည်း ကုန်သည်များ တစ်နေရာတည်းမှာ လာရောက်ဝယ်ယူနိုင်သလို တောင်သူများအနေဖြင့်လည်း တစ်နေရာတည်းမှာ စုပေါင်းရောင်းချခြင်းဖြစ်သည်။

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ကြက်သွန်နီအရည်အသွေးလိုက် ဈေးကောင်းရရှိကြသဖြင့်တောင်သူများသီးနှံထွက်ရှိချိန်တွင်ငွေပေါ်ဈေးကောင်းရကြောင်း ရေနံချောင်းမြို့နယ်၊ဖရဲကွျန်း၊ဘုရားကုန်း၊မုံကန်၊ချောင်း၀၊ ဝါးရိုး၊ ညောင်ဖောက်၊ နတ်ကန်ဦးစသည့် ကျေးရွာများမှ တောင်သူများ လာရောက်ရောင်းချကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## နေပြည်တော်တွင် ဒုတိယအကြိမ်မြောက်ဆေးကုမ္ပဏီများမှ ဆေးဝါးများထပ်မံရောင်းချပေးမည်




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု နေပြည်တော်ကောင်စီ၏ ပံ့ပိုးမှု ၊မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ဦးဆောင်မှုဖြင့်ဆေးကုမ္ပဏီများမှ ဒုတိယအကြိမ်ဆေးဝါးများရောင်းချပေးမည့်အစီအစဉ်ကို နေပြည်တော်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆေးဝါးသုံးစွဲသူ ပြည်သူများအား သင့်တင့်မျှတသော ဈေးနှုန်းများဖြင့်အဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရန်နှင့်ဆေးဝါးများမပြတ်လပ်ရေးအတွက် ရည်ရွယ်၍ ရောင်းချပေးမည်ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ နေပြည်တော်ကောင်စီ၏ပံ့ပိုးမှုဖြင့် နေပြည်တော်၊ ပျဉ်းမနားမြို့ "မင်္ဂလာကန်တော်ခန်းမ" မြင်းရုပ်အနီး၌ "ဒုတိယအကြိမ်မြောက် ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲ" အား ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၇ရက်မှ ၃၁ရက်အထိ ၅ရက်တိုင်တိုင် တနင်္လာနေ့မှသောကြာနေ့အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်၍ ဆေးကုမ္ပဏီ ၄၀ မှ ဆေး ဝါးမျိုးစုံတို့အား ပါဝင်ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆေးဝါးဝယ်ယူရာ၌ဝယ်ယူမရရှိခြင်းများနှင့်အခြားသောအခက်အခဲများရှိနိုင်ခြင်းတို့အပြင်၊ဆေးဝါးမှားယွင်းဝယ်ယူမိခြင်းမရှိစေရန်နှင့် အာနိသင်ရှိသော အလားတူဆေးဝါးများအား စိတ်ချစွာဝယ်ယူနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်၊ လမ်းညွှန်မှုပြုပေးနိုင်ရန် ပြပွဲတွင် ဆရာဝန်နှင့်ဆေးဝါးနားလည်ကျွမ်းကျင်သူများထားရှိကာ ဝန်ဆောင်မှုပေးဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ လာမည့် ဖေဖော်ဝါရီလအတွင်း ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း အရောင်းစင်တာများကို ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများမှသုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးဝါးရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဆေးဝါးသုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများအား အဆိုပါ ဆေးဝါးအရောင်းစင်တာများတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းအနေဖြင့်အဆိုပါဆေးဝါးတိုက်ရိုက်ရောင်းချပွဲများကို ပထမအကြိမ်အနေအဖြင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်နှင့်သြဂုတ်လတို့တွင် ရန်ကုန်၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အရောင်းစင်တာများ ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**Source : Popular News Journal**

## ပြည်ပသို့ ရေငန်ပုစွန် တန်ချိန် ၅၉၄၆ ဒသမ ၁၈၇ တန် တင်ပို့ထား

မြန်မာနိုင်ငံမှပနားမီးရေငန်ပုစွန်များပြည်ပသို့နှစ်စဉ်တင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိ ရေငန်ပုစွန် တန်ချိန် ၅၉၄၆ ဒသမ ၁၈၇ တန်တင်ပို့ထားကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်က သိရသည်။



"ပြည်ပဈေးကွက်ထိုးဖောက်ဖို့ မြန်မာ့ပနားမီးကို ကမ္ဘာက သိဖို့လိုပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီ ရေငန်ပုစွန်မွေးမြူရာမှာ ရေငန်နှုန်းကျဆင်းတာကြောင့် ပုစွန်ကြီးထွားနှုန်းကျဆင်းတာ၊ ရောဂါပိုးဝင်တာတွေ ဖြစ်ခဲ့တာရှိပါတယ်။ ဒါကြောင့် မွေးမြူရေး လုပ်ငန်းရှင်တွေ အနေနဲ့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ မိုးရာသီကာလ ပုစွန်လျှော့မွေးပြီး နွေရာသီမှာ ပိုပြီးမွေးမြူထုတ်လုပ်ဖို့ ဆောင်ရွက်နေကြပါတယ်။ မွေးမြူမှုတိုးလာတဲ့အတွက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်မှာပါ။ ပြည်ပဈေးကွက်လည်း ဒီထက်ပိုပြီးပွင့်လန်းဖို့ မျှော်လင့်နေပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရေလုပ်ငန်းရှင်များသည် ရေငန်ပုစွန်များကို ပြည်ပသို့တင်ပို့ရာတွင် တရုတ်နိုင်ငံသို့ ပြုတ်၍ ၊ ဂျပန်နိုင်ငံသို့ အေးခဲ၍ တင်ပို့လျက်ရှိပြီး ပြည်ပသို့ လက်ရှိထက်ပိုမိုတင်ပို့နိုင်ရန်ပင်လယ်ပြင်တွင်ဖမ်းဆီးမှုထက် တိုးချဲ့မွေးမြူရေးကိုဆောင်ရွက်လိုကြ သည်။

ထို့ပြင် ရေငန်ပုစွန်မွေးမြူမှုအတွက် ပုစွန်သားပေါက်နှင့် အစာအား ထိုင်းနိုင်ငံမှ နှစ်စဉ်ဝယ်ယူနေရသည့်အတွက် နိုင်ငံတော်နှင့်မွေးမြူထုတ်လုပ်သူများ ရေရှည်အကျိုးစီးပွားရရှိရန်လုပ်ငန်းရှင်များသည် နည်းပညာအကူအညီဖြင့် ပြည်တွင်း၌ သားဖောက်မွေးမြူထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့တွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် GAqP စနစ်နှင့်အညီ ပနားမီးပုစွန်ဖြူများကို ၂၂၁၇ ဒသမ ၅၆ ဧက၌ မွေးမြူထုတ်လုပ်လျက်ရှိကြောင်းသိရပြီး ထားဝယ်ခရိုင် သရက်ချောင်း၊ မြိတ်၊ ပုလော၊ ကျွန်းစုမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းမြို့နယ်တို့တွင် ခွင့်ပြုမိန့်ဖြင့် တိုးချဲ့ ၂၆၆၂ ဒသမ ၆၈ ဧကနှင့် ကျွန်းစုမြို့နယ်တွင် ၃၉၀ ဒသမ ၁၂ ဧက မွေးမြူမှုရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်က သိရသည်။

**Source : https://www.myawady.net.mm/**

## ကျိုက်လတ်မြို့နယ်၌ ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်သဖြင့် တောင်သူများသီးနှံဝင်ငွေရရှိနေ



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်သဖြင့် တောင်သူများသီးနှံဝင်ငွေရရှိနေကြောင်း ကျိုက်လတ်မြို့နယ်လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

ကျိုက်လတ်မြို့နယ်၌ လက်ရှိတွင် ကန်စွန်းဥများပေါ်နေချိန်ဖြစ်ပြီး ဇန်နဝါရီလဒုတိယပတ်မှစတင်ကာ ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

"ကန်စွန်းဥမှာ မြန်မာကန်စွန်းဥနဲ့ကိုရီးယားကန်စွန်းဥဆိုပြီးအမျိုးအစားနှစ်မျိုးရှိပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေက ကန်စွန်းဥအမျိုးအစားနှစ်မျိုးစလုံးကိုစိုက်ပျိုးတာတွေ့ရပါတယ်။ အခုလို ကန်စွန်းဥတွေပေါ်နေတဲ့အချိန်မှာ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်ပျိုးတဲ့တောင်သူတွေ ဈေးရသလို လယ်ယာလုပ်သားတွေလည်း အဆင်ပြေလာတာတွေ့ရတယ်။ ဒီနှစ်မှာကန်စွန်းဥစိုက်သူတွေနည်းသွားပေမဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ် ကောင်းမွန်နေတာပါ"ဟု ၎င်းကပြောသည်။

ကျိုက်လတ်မြို့နယ်၌ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ကန်စွန်းဥအပါအဝင် တခြားရာသီပေါ်သီးနှံများကိုစိုက်ပျိုးကြကြောင်း၊ တောင်သူတစ်ဦးလျှင် ကန်စွန်းဥ တစ်ကေမှငါးကေစိုက်ပျိုးကြကြောင်း၊ ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့်ဝယ်လိုအားနှင့်ရောင်းလိုအားမျှတမှုရှိကာ ဒေသဈေးကွက်အတွင်း သီးနှံဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေပြီး ဒေသခံများ၏သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

Source : https://www.myawady.net.mm/

## ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရေး ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးလျက်ရှိ



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိဒေသခံတောင်သူများက စိုက်ပျိုးရေအဆင်ပြေမှုကြောင့် သီးနှံဝင်ငွေတိုးပွားရေးအတွက်မြေအောက်ရေဖြင့် ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်း ကို အားထားစိုက်ပျိုးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်ညောင်ပင်စောက်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးထံက သိရသည်။

"ဒေသခံတောင်သူတွေက စိုက်ပျိုးရေ အဆင်ပြေတဲ့အတွက် ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပါတယ်။ ဒီဒေသမှာ အများဆုံးစိုက်ပျိုးတဲ့ ငှက်ပျောကတော့ ဖီးကြမ်းငှက်ပျောဖြစ်ပါတယ်။ ဖီးကြမ်းငှက်ပျောက လူကြိုက်များပြီး ဈေးပိုရတဲ့အတွက် တောင်သူအများစု အားထားစိုက်ပျိုးကြပါတယ်။ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းက စိုက်ပျိုးရေအဆင်ပြေတော့ အောင်မြင်ဖြစ်ထွန်းမှုလည်းရှိတယ်။ တချို့တောင်သူတွေဆိုရင် ငှက်ပျောကို စီးပွားဖြစ်ဧကအများကြီးစိုက်ပြီး ငှက်ပျောပျိုးပင်တွေကိုပါ ရောင်းချကြ တယ်။ ငှက်ပျောက စနစ် တကျစိုက်ပျိုးရင် နှစ်သီးစားဝင်ငွေရလို့ စိုက်ပျိုးလုပ်ကိုင်သင့်ပါတယ်ဟုပွင့်ဖြူမြို့နယ် "ညောင်ပင်စောက်ကျေးရွာမှ ငှက်ပျောစိုက်တောင်သူတစ်ဦးက ပြောသည်။

ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းသည်သားတက်ဖြင့် မျိုးပွားခြင်း၊ အပင်တစ်သျှူးမျိုးပွားခြင်း နည်းလမ်းများဖြင့် မျိုးပွား၍စိုက်ပျိုးနိုင်ပြီး သားတက်တွင် လုံစို့သားတက်နှင့်ရေစို့သားတက်ဟူ၍ရှိကာ လုံစို့သားတက်သည် ပင်ခြေပိုင်းတွင် ကောင်းစွာကြီးထွားဖွံ့ဖြိုးပြီး အစောပိုင်းကာလတွင် အရွက်မှာလုံသွားပုံသေးရှည်သော ရွက်ပြားပါရှိသည်။

မြေကျင်းအတွင်း မစိုက်ပျိုးမီ သားတက်ကို ၃၊ ၄ ရက်ခန့်အရိပ်အောက်တွင်အခြောက်ခံထားပြီးစိုက်ပျိုးချိန်တွင် အပင်ခြေမှ ၂ ပေခန့်ချန်ကာ သားတက်မပုပ်စေရန် ပိုတက်စီယမ်ပါမင်းဂနိတ် ရောနှောထားသော ရေတွင်စိမ်ပြီးမှ စိုက်ပျိုးသင့်သည်။

ထို့ပြင် ငှက်ပျောစိုက်ပျိုးမည့်မြေကိုလည်း မစိုက်ပျိုးမီ နှစ်လကြိုတင်၍ စိုက်ပျိုးမည့်ကျင်းအတွင်း စပါးခွံ၊ မြေဆွေး၊ သစ်ရွက်ဆွေး၊နွားချေး စသည်တို့ကို မြေသားနှင့် ရောနှော၍ ထည့်ပေးထားရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိသားစုဝင်ငွေတိုးပွားစေရေးအတွက် လယ်ယာလုပ်ငန်းနှင့်တွဲဖက်ကာ ဖီးကြမ်းငှက်ပျော၊ ရခိုင်ငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွေးငှက်ပျော စသည့် ငှက်ပျောများကို တစ်နှစ်ပတ်လုံး စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင်ငှက်ပျောဈေးကွက်ပြန်လည်ကောင်းမွန်လာသဖြင့်သီးနှံဝင်ငွေအကျိုးအမြတ်ရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ တောင်သူများကလည်းရေမြေရာသီဥတုနှင့်ကိုက်ညီသည့်သီးနှံများကိုဒေသဈေးကွက်တွင် တင်ပို့ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ပြည်တွင်းထုတ်ဓာတ်ဆီ (RON 68) အား အသုံးပြုရန်သင့်လျော်သည့် မော်တော်ယာဉ်များသို့ ရောင်းချပေးသွားမည်

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီ (RON 68) အား အသုံးပြုရန်သင့်လျော်သည့် မော်တော်ယာဉ်များသို့ ရောင်းချပေးသွားမည်ဖြစ် ကြောင်း သိရသည်။

ပြည်တွင်းထုတ်ဓာတ်ဆီကို ပထမအဆင့်အနေဖြင့် နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်များဖြစ်သည့် ပြည်ထောင်စုနယ်မြေနေပြည်တော်တွင် ၁ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် ၂ ဆိုင်၊ စုစုပေါင်း ၃ ဆိုင်တို့အား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လ ၄



ရက်မှစတင်၍ တစ်လီတာ ၂၂၀၀ ကျပ်နှုန်းဖြင့် မော်တော်ဆိုင်ကယ်နှင့် သုံးဘီးယာဉ်များကိုသာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ယခုအခါ ပြည်သူများ၏ တောင်းဆိုချက်အရ ဒုတိယအဆင့်အနေဖြင့် (RON 68)အသုံးပြုရန် သင့်လျော်သည့် အများပြည်သူပိုင် မော်တော်ယာဉ်များ၊ ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်များအား ဇန်နဝါရီလ ၂၅ ရက်မှစတင်၍ လွတ်လပ်စွာဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းထုတ်ဓာတ်ဆီကို သုံးစွဲခြင်းဖြင့် ပြည်ပမှစက်သုံးဆီတင်သွင်းမှုကို အထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုသက်သာစေခြင်း၊ အသေးစားအလတ်စားစက်မှုလုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ရေးလွယ်ကူလာခြင်း၊ ဆီစားနှုန်းသက်သာ၍ ကြာရှည်အမောင်းခံခြင်း၊ ပြည်သူလူထုများနေ့စဉ် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ ဈေးနှုန်းမြင့်မားစွာဖြင့် ဝယ်ယူသုံးစွဲရမည့်အစား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲလာနိုင်သည့်အတွက် ကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေအထိုက်အလျောက် အထောက်အပံ့ရရှိခြင်းစသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## အီးယူအဖွဲ့၏ ဆိုလာစွမ်းအင်အသုံးပြုမှုက ပထမဆုံးအကြိမ်အဖြစ် ကျောက်မီးသွေးအသုံးပြုမှုကိုကျော်တက်



ဥရောပသမဂ္ဂအဖွဲ့အီးယူတွင် ဆိုလာစွမ်းအင်(သို့မဟုတ်) နေရောင်ခြည်စွမ်းအင်အသုံးပြုမှုသည် ၂၀၂၄ ခုနှစ်အတွင်း၌ ပထမဆုံးအကြိမ်အဖြစ် ကျောက်မီးသွေးအသုံးပြုမှုကို ကျော်တက်သွားခဲ့သည်ဟု ဇန်နဝါရီလ ၂၃ ရက်တွင်ထုတ်ပြန်သည့်သုတေသနပြုချက် အရ သိရသည်။

ယခုအခါ ဆိုလာစွမ်းအင်အသုံးပြုမှုသည် အီးယူအဖွဲ့ဝင်နိုင်ငံများတွင် မြင့်တက်လာပြီး အဆိုပါစွမ်းအင်အပါအဝင် ရေအားလျှပ်စစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များမှ စွမ်းအင်ထုတ်လုပ်မှုသည် အီးယူစုစုပေါင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၄၇ ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်လာခဲ့ကြောင်း စွမ်းအင်အရင်းအမြစ်များကို အဓိကထားလေ့လာသည့် Ember သုတေသနအဖွဲ့၏အစီရင်ခံစာတွင်ဖော်ပြထားသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများတွင် ဆိုလာစွမ်းအင်အသုံးပြုမှု မြင့်တက်လာပြီး ရုပ်ကြွင်းလောင်စာတင်သွင်းမှုကို ၂၀၁၉ ခုနှစ်မှစ၍လျှော့ချနိုင်ခဲ့သောကြောင့်စီးပွားရေးအရ ယူရို ၅၉ ဘီလီယံ(ဒေါ်လာ ၆၁ ဒသမ ၄ ဘီလီယံ)ခန့်သက်သာစေခဲ့သည့် အပြင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုပါ လျှော့ချနိုင်ခဲ့သည်။

သို့သော် အီးယူအဖွဲ့အနေဖြင့် ဆိုလာစွမ်းအင်အသုံးပြုမှုမြင့်တက်လာခြင်းတွင်စိန်ခေါ်မှုအချို့နှင့်ရင်ဆိုင်နေရသည်။

အကြောင်းမှာ အီးယူအဖွဲ့အနေဖြင့် ဆိုလာစွမ်းအင်ထုတ်ယူရာတွင်လိုအပ်သည့်ဆိုလာပြားများကို အလုံအလောက် ထုတ်လုပ်ပေးနိုင်ခြင်းမရှိသောကြောင့် လက်ရှိအသုံးပြုနေသည့် ဆိုလာပြား ၉၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံမှတင်သွင်းနေရသည်။

ထို့ကြောင့် ဆိုလာစွမ်းအင်ထုတ်လုပ်ရန်အတွက် လိုအပ်သည့် ဆိုလာပြား ၄၀ ရာခိုင်နှုန်းကို အဖွဲ့ဝင်နိုင်ငံများအတွင်း၌ ထုတ်လုပ်နိုင်ရန်နှင့် အခြားလိုအပ်သည့်နည်းပညာများကို လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် အသုံးချနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများကြား သဘောတူညီချက်တစ်ရပ်ချမှတ်ထားပြီးဖြစ်သည်။

ဆိုလာစွမ်းအင်သည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှင့် ဈေးအသက်သာဆုံး စွမ်းအင်အရင်းအမြစ်များအနက်မှ တစ်ခုဖြစ်ရာ ယင်းစွမ်းအင်အသုံးပြုမှုသည် လာမည့်အနာဂတ်ကာလတွင်လည်း ဆက်လက်တွင်ကျယ်လာမည်ဖြစ်သည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်တစ်ခုဖြစ်သည့် ဆိုလာစွမ်းအင်ကိုရွေးချယ်ခြင်းအားဖြင့်အီးယူနိုင်ငံများအနေဖြင့်ရာသီဥတုပြောင်းလဲမှုကိုပါလျှော့ချရန် တာဝန်

ရှိကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလေယန်က ပြောကြားထားသည်။

**Source :** https://www.myawady.net.mm/

## သကြားတန်ချိန် ၁ သန်း ပြည်ပတင်ပို့ရန် အိန္ဒိယအစိုးရ ခွင့်ပြု

အိန္ဒိယပြည်တွင်းဈေးကွက်၌ သကြားဈေးနှုန်းများကျဆင်းလျက်ရှိနေချိန်တွင် သကြားစက်ရုံများအနေဖြင့် ပိုမိုကောင်းမွန်သည့် ဈေးနှုန်းများရရှိစေရန်အတွက် ပြည်ပသို့ သကြားတန်ချိန် ၁ သန်း တင်ပို့ရန် အစိုးရကခွင့်ပြုထားသည်ဟု ကုန်သည်သတင်းအရင်းအမြစ်များအရ သိရသည်။

သကြားစက်ရုံများမှ ကြံစိုက်တောင်သူများသို့ ငွေပေးချေမှုကို အထောက်အပံ့ဖြစ်စေရန် အတွက် သကြားတင်ပို့မှုကို ခွင့်ပြုပေးသင့်သည်ဟု အိန္ဒိယသကြားနှင့်ဇီဝစွမ်းအင်ထုတ်လုပ်သူများအသင်း (ISMA) နှင့် သကြားစက်ရုံလုပ်ငန်းများ သမဝါယမအသင်းချုပ်တို့က တောင်းဆိုထားခဲ့ကြပါသည်။

ISMA အသင်းက သကြားတန်ချိန် ၂ သန်း တင်ပို့ခွင့်ပြုရန် တောင်းဆိုခဲ့သော်လည်း အစိုးရအနေဖြင့် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပိုလျှံမှုရှိပါက အီသနောလောင်စာအဖြစ် ပြောင်းလဲ သုံးစွဲရေးတို့ကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်ပြီး အမှန်တကယ်ပိုလျှံမှုအပေါ် အခြေခံ၍သာ မည်မျှတင်ပို့ခွင့်ပြုမည်ကို ဆုံးဖြတ်မည်ဖြစ်သည်ဟု စားနပ်ရိက္ခာအတွင်းဝန် Sanjeev Chopra က ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့၌ ပြောကြားထားခဲ့သည်။

အစိုးရ၏ ခန့်မှန်းချက်များအရ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှ စတင်ခဲ့သည့် ယခုနှစ် ဈေးကွက်ရာသီတွင် သကြားတန်ချိန် ၃၂ သန်း ထွက်ရှိမည်ဟုခန့်မှန်းထားပြီး၊ ပြည်တွင်း စားသုံးမှုသည် တန်ချိန် ၂၈ ဒသမ ၅ သန်းမှ ၂၉ သန်းကြားရှိနိုင်ကြောင်း၊ တန်ချိန် ၄ သန်းကို အီသနော ထုတ်လုပ်ရာတွင် အသုံးပြုမည်ဖြစ်ကြောင်း၊ ယခင်နှစ် ဈေးကွက်ရာသီမှ လက်ကျန်တန်ချိန် ၇ ဒသမ ၉ သန်းကို ထည့်သွင်းတွက်ချက်ပါက ယခုနှစ် ဈေးကွက်ရာသီပိတ်သိမ်းချိန် ၂၀၂၅ ခုနှစ် စက်တင်ဘာလကုန်တွင် လက်ကျန်တန်ချိန် ၆ ဒသမ ၉ သန်းရှိမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ သကြားစားသုံးမှုကို တစ်လလျှင် တန်ချိန် ၂ ဒသမ ၄ သန်းနှုန်းဖြင့် နှစ်လခွဲကာလ အတွက် တန်ချိန် ၆ သန်းခန့်ကို ကြံကြိတ်ဝါးသည့် ရာသီအစကာလ၌ အရန်ရိက္ခာထားရှိရန် အစိုးရက ရည်ရွယ်ထားရှိရာ အဆိုပါတွက်ချက်မှုအရ တန်ချိန် ၁ သန်းခန့်သာ ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၌ သကြားတင်ပို့မှုကို တားမြစ်ထားခြင်းမရှိသော်လည်း ပြည်ပသို့သကြားတင်ပို့လိုပါက စားနပ်ရိက္ခာဝန်ကြီးဌာန၏ ခွင့်ပြုချက်ကိုရယူရမည်ဟုကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စည်းကမ်းသတ်မှတ်ထုတ်ပြန်ထားသည်။

စားနပ်ရိက္ခာဝန်ကြီးဌာနသည် လွန်ခဲ့သောဈေးကွက်ရာသီအတွင်း သံတမန်လမ်းကြောင်းမှတစ်ဆင့် မေတ္တာရပ်ခံသည့် သကြားတင်ပို့ခွင့်ကိစ္စရပ်များမှအပ မည်သည့်ခွင့်ပြုမိန့်ကိုမျှထုတ်ပေးခဲ့ခြင်းမရှိသဖြင့် သကြားတင်ပို့မှုမှာ ထိရောက်စွာ ထိန်းချုပ်ထားသည့် အခြေအနေ ဖြစ်ပေါ်လျက်ရှိသည်။

အိန္ဒိယသကြားဇီဝစွမ်းအင်ဖိုရမ်၏ တွဲဖက်ဥက္ကဋ္ဌဖြစ်သူ Samarth SSK ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ Dilip Patil က ပြည်တွင်း၌ သကြားထုတ်လုပ်မှုမှာ ကျဆင်းလျက်ရှိပြီး အစိုးရ၏ လုပ်ဆောင်မှုက ထုတ်လုပ်မှုအဆင့်များအပေါ် သက်ရောက်မှုမရှိစေရန် သေချာခိုင်မာကြောင်းနှင့် ယခု တင်ပို့ခွင့်ပြုခြင်းသည် ပြည်တွင်းထုတ်လုပ်မှု ဆက်လက်တည်ငြိမ်စေခြင်းနှင့်အတူ ဈေးကွက် အတွင်း ယုံကြည်မှုကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားထားပါသည်။

အိန္ဒိယသကြားစက်ရုံပိုင်ရှင်များအနေဖြင့် ပြည်တွင်းဈေးကွက်၌ လျှော့ဈေးဖြင့် ရောင်းချ နေသည့် S-grade အဆင့်သကြားသည် ကမ္ဘာ့ဈေးကွက်တွင် သိသာထင်ရှားသည့် အရည်အသွေးမြင့်ရောင်းတန်းဝင်သကြားအမျိုးအစားအဖြစ် ရောက်ရှိလာမည်ကို မကြာမီသိရှိလာလိမ့်မည်ဖြစ်ကြောင်း The Hindu Business Line သတင်းဌာနက ဖော်ပြထားပါသည်။

**Source:TheHinduBusinessLine,January19,2025**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

## ပြင်ပသက်ရောက်မှုများကြောင့် စပါးဈေးကျဆင်းရသည်ဟု ကမ္ဘောဒီးယားဝန်ကြီး ပြောဆို

ကမ္ဘောဒီးယားတော်ဝင်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်နိုင်ခြင်းမရှိဟု ဝေဖန်ပြောဆိုမှုများအပေါ် ကမ္ဘောဒီးယားစိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီး Dith Tina က ဇန်နဝါရီ ၁၅ ရက်နေ့တွင် ပြတ်သားစွာ ပယ်ချခဲ့ပြီး ဗီယက်နမ်သို့ တင်ပို့လေ့ရှိသော OM ဆန်အမျိုးအစားများ၏ ဈေးနှုန်းကျဆင်းမှုသည် ပြင်ပသက်ရောက်မှုများကြောင့်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ကမ္ဘောဒီးယားအစိုးရ ပြောရေးဆိုခွင့်အဖွဲ့က စီစဉ်ဆောင်ရွက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ပဈေးကွက် ဝယ်လိုအားကြောင့် စပါးဈေးနှုန်းများမြင့်တက်မှုနှင့်အတူ မကြာသေးမီနှစ် များအတွင်း နွေစပါးစိုက်ပျိုးဧရိယာများ သိသာထင်ရှားစွာ မြင့်တက်လာကြောင်း၊ နွေစပါးစိုက်ပျိုးရာတွင် ဆန်မွှေး၊ ဆန်ဖြူနှင့်ရိုးရာဆန်များအပါအဝင် စပါးအမျိုးအစား များစွာ ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု ပိတ်ပင်ထားရှိခြင်းကို ဖယ်ရှားလိုက်ခြင်းကြောင့် ဈေးနှုန်းကျဆင်းမှုမှာ OM စပါးအမျိုးအစားအပေါ်၌သာ သိသာသည့် သက်ရောက်မှုရှိခဲ့ကြောင်း၊ လွန်ခဲ့သော လအနည်းငယ် အတွင်း အိန္ဒိယဘက်မှ ဆန်ဖြူတင်ပို့မှု စတင်ခဲ့ရာ ဆန်ဈေးကွက်မှာ ပြောင်းလဲလာပြီး ယှဉ်ပြိုင်မှု မြင့်မားလာသည့်အတွက် အထူးသဖြင့် ဈေးကောင်းပေးမှုကြောင့် ဗီယက်နမ်သို့ အများဆုံးတင်ပို့ နေသည့် OM ဆန်တင်ပို့မှုသည် အခက်အခဲများကြုံတွေ့လာရကြောင်း စသည်ဖြင့် ဝန်ကြီး Tina က ပြောကြားခဲ့သည်။

ဆန်မွှေးနှင့် မိရိုးဖလာစပါးမျိုးများသည် ကမ္ဘောဒီးယား ဆန်စပါးသမိုင်းတွင် အမြင့်ဆုံးဈေး အဖြစ် တစ်ကီလိုဂရမ်လျှင် ၁၃၀၀ ရီယယ်အထိ ရောင်းချနေရကြောင်း Banteay Meanchey ပြည်နယ်မှ တောင်သူများက ယခင်သီတင်းပတ်တွင် ဝန်ကြီး Tina အား ပြောဆိုခဲ့ကြကြောင်း သိရသည်။

အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်သည့် ကာလအတွင်း ဗီယက်နမ်သည် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၆၀ နှုန်းအထိ ရောင်းချနိုင်ခဲ့ကြောင်း၊ သို့သော်လည်း အိန္ဒိယသည် ဆန်ဈေး ကွက်သို့ ပြန်လည်ဝင်ရောက်ချိန်၌ ၎င်းတို့၏ ထုတ်ကုန်များသည် ကမ္ဘာ့ဆန်လုပ်ငန်း၏ယှဉ်ပြိုင်နိုင်စွမ်းကို ခြိမ်းခြောက်ခဲ့ပြီး ဆန်တစ်တန်လျှင် ဒေါ်လာ ၄၃၀ နှုန်းဖြင့် ၃၀ ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း၊ အကျိုးဆက်အနေဖြင့် ကမ္ဘောဒီးယား၏ဆန်စပါးဈေးနှုန်းသည်လည်း ကျဆင်းခဲ့ရကြောင်း၊ နိုင်ငံရေးသမားများနှင့် မီဒီယာအချို့သည် စပါးစိုက်တောင်သူများ၏ အခက်အခဲများနှင့် ရုန်းကန်မှုများကို ၎င်းတို့၏ ကိုယ်ကျိုးအတွက် အသုံးချ ပြောဆိုနေခြင်းဖြစ်ကြောင်းဖြင့် Mr. Tina က ရှင်းလင်းပြောဆိုခဲ့သည်။


ပြည်ပဈေးကွက်၌ ဝယ်လိုအားကျဆင်းနေမှုကြောင့် ဆန်စက်များအနေဖြင့် တောင်သူများထံမှ စပါးများကို တတ်နိုင်သမျှ ဝယ်ယူကြရန် စိုက်ပျိုးရေးအရာရှိများက ဆန်စက်ပိုင်ရှင်များသို့ တိုက်တွန်းထားကြောင်း သိရသည်။

Source:KhmerTimes,17January,2025

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

## Yangwang U9 sports supercar သို့မဟုတ် အတားအဆီးများ၊ ချိုင့်များကို ခုန်ကျော်မောင်းနှင်နိုင်သည့် BYD ကုမ္ပဏီ၏ ပထမဆုံးသောဆူပါပြိုင်ကား



တရုတ်ကားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် BYD မှ ထုတ်လုပ်ထားသည့် Yangwang U9 ဆူပါပြိုင်ကားသည် တရုတ်နိုင်ငံရှိဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီး နောက် ငါးလအတွင်း အစီးပေါင်း ၁၀၀ ရောင်းချခဲ့ပြီး ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန် သည်။

အဆိုပါ Yangwang U9 ဆူပါပြိုင်ကားသည် BYD ကုမ္ပဏီမှ ပထမဆုံးထုတ်လုပ်ခဲ့သည့် ပြိုင်ကားဖြစ်ပြီး ကမ္ဘာ့ပထမဆုံး အဆင့်မြင့်ဟိုက်ဒရောလစ်စနစ် ကားကိုယ်ထည် ထိန်းချုပ်မှုနည်းပညာတပ်ဆင်ထားသည့် ပြိုင်ကားလည်းဖြစ်သည်။

Yangwang U9 လျှပ်စစ်ပြိုင်ကားသည် တရုတ်ဈေးကွက်အတွင်းသို့ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ယင်းနှစ် စက်တင်ဘာလတွင် ၁၆ စီး၊ အောက်တိုဘာလတွင် ၁၇ စီး၊ နိုဝင်ဘာလ တွင် ၂၄ စီး နှင့် ဒီဇင်ဘာလတွင် ၂၄ စီးရောင်းချနိုင်ခဲ့ခြင်း ဖြစ်ကြောင်း BYD ကုမ္ပဏီက ဇန်နဝါရီလ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ကားတွင် အလိုအလျောက်ထိန်းချုပ်မောင်းနှင်နိုင်သည့်နည်းပညာတပ်ဆင်ထားပြီး တစ်နာရီလျှင် ၇၅ မိုင်နီးပါး မောင်းနှင်နိုင်သည့်အပြင် မောင်းနှင်နေစဉ် လမ်းခရီးတွင် အတားအဆီးများ၊ချိုင့်များနှင့်တွေ့ကြုံရပါက ၎င်းအတားအဆီး နှင့်ချိုင့်များကို ခုန်ကျော်၍မောင်းနှင်နိုင်သည်။

ထို့ပြင် ကားတွင် ၃၆၀ ဒီဂရီပတ်လည်ကြည့်ရှုနိုင်သည့် ကင်မရာ၊ အာရုံခံစနစ်၊ ရေဒါနှင့် အင်တာနက်ချိတ်ဆက်မှုများကိုပါ တပ်ဆင်ထားသည်။

Yangwang U9 လျှပ်စစ်ပြိုင်ကားတစ်စီး၏ ဈေးနှုန်းမှာတရုတ်ဈေးကွက်တွင်ယွမ် ၁ ဒသမ ၆၈ သန်း (ဒေါ်လာ၂၂၉,၇၀၀ ခန့်)ရှိပြီး ဓိမ်ခံလျှပ်စစ်ကားထုတ်လုပ်မှုတွင် Tesla ကုမ္ပဏီအား ယှဉ်ပြိုင်နိုင်ရေးကြိုးပမ်းသည့် BYD ၏ဆန်းသစ်မှု တစ်ရပ်ဖြစ်လာခဲ့သည်။

**Source :** https://www.myawady.net.mm/

## STOCK EXCHANGE (27.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,729 (Shares) | 10,067,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | -100 | -1.25% | 7,900 | 8,000 | 7,900 | 615 | 4,862,500 | 33,109,694 | 261,567 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 242 | 750,200 | 38,929,150 | 120,680 |
| MCB | 00003 | 8,400 | +200 | +2.44% | 8,400 | 8,400 | 8,400 | 3 | 25,200 | 10,400,986 | 87,368 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 500 | 925,000 | 29,664,613 | 54,880 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 406 | 1,299,200 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 630 | 1,039,500 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | -100 | -2.38% | 4,000 | 4,100 | 4,000 | 110 | 441,000 | 10,497,598 | 43,040 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 223 | 724,750 | 23,804,946 | 77,366 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 24th Jan. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,729 (Shares) | 10,067,350 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | -100 | -1.25% | 7,900 | 8,000 | 7,900 | 615 | 4,862,500 | 33,109,694 | 261,567 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 242 | 750,200 | 38,929,150 | 120,680 |
| MCB | 00003 | 8,400 | +200 | +2.44% | 8,400 | 8,400 | 8,400 | 3 | 25,200 | 10,400,986 | 87,368 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 500 | 925,000 | 29,664,613 | 54,880 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 406 | 1,299,200 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 630 | 1,039,500 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | -100 | -2.38% | 4,000 | 4,100 | 4,000 | 110 | 441,000 | 10,497,598 | 43,040 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 223 | 724,750 | 23,804,946 | 77,366 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 2,729 (Shares) | 10,067,350 (MMK) |

## Main Board

As of 1:00 pm, 24th Jan. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,729 (Shares) | 10,067,350 (MMK) |

| MYANPIX | 381.14 ▼ 2.24 |
|---|---|
| Total Volume (shares) | 2,729 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 718,897 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▼ 100 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 200 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,100 | ▼ 100 |
| MAEX | 00008 | 3,250 | ▲ 0 |

TIR